

ဝန်ရင်း
Read on the move

# အချစ်က လန့်တယ်

စေဝတ်ဆွေး

လုံး ချင်း ဝ တ္ထု သစ်

# ဝန်ခံချက်

ဤဝတ္ထုသည် သက္ကရာဇ် (၂၀၀၀ - ၂၀၀၁) ခုနှစ်တွင် တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းလေး တစ်ပုဒ်ကို ကာယကံရှင်တို့၏ ခွင့်ပြုချက်ဖြင့် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

မကွေးမြို့တွင် 'အစိုးရနည်းပညာ တက္ကသိုလ်' ဖွင့်ကာစ ကာလဖြစ်သောကြောင့် ယခုလို ကျောင်းဝတ်စုံ (ယူနီဖောင်း) အဖြူနှင့်အပြာများ ဝတ်စရာမလိုသေးဘဲ မိမိတို့ကြိုက်နှစ်သက်ရာ အဝတ်အစားတို့ ဝတ်ဆင်ခွင့် ရသေးသည်။

သို့အတွက်ကြောင့် စာဖတ်ပရိသတ်များ စိတ်နှစ်ခွမဖြစ်စေရန်အတွက် တင်ကြို ဝန်ခံလိုက်ခြင်း ဖြစ်ပါ သည်။

**လေးစားစွာဖြင့်**

**ခေတ်သွေး**

***

## အခန်း (၁)

စူးရှရှ အသံတစ်ခုက သူ့နားထဲကို ထောင့်မကျိုးလှစွာ ကသောင်းကနင်းပြေးဝင်လာ၏ ။

“ဟေ့ကောင် . . . ကျောင်းသားရေးရာက ဘယ်နားမှာလဲ . . . ”

သူတစ်ချက်လှည့်ကြည့်လိုက်မိမှ အသံတင်မဟုတ်ဘဲ လူပုံစံကပါ ဋ္ဌာန်ကရိဏ်းမကျမှန်း သိလိုက်ရ ပြန်သည်။

အခုမှ ကျောင်းအပ်ပြီး ပြန်လာတဲ့သူအနေနဲ့ ကျောင်းသားရေးရာ ဘယ်နေရာမှာဆိုတာကို ပြောလိုက်ရမှာ အပမ်းမကြီးလှပါ။ လူတစ်ဖက်သားကို ကူညီဖို့ ပရဟိတ စိတ်ဓာတ်ကင်းမဲ့နေတဲ့ လူ့ဗာလာတစ်ကိုယ်ကောင်း သမားလည်းမဟုတ်ပါ။ ဒါပေမယ့် . . .

“ဟေ့ကောင် . . . မေးနေတယ်လေ . . .”

မေးပုံက ပိုင်ဆိုးပိုင်နင်းနဲ့ တစ်စက်ကလေးမှ ဖြေချင်စရာမရာမရှိ။ ပြီးတော့ လူပုံက ဖားတစ်ပိုင်းငါးတစ် ပိုင်းနဲ့။ ယောကျ်ားလေးလို့ ပြောရလည်းအခက်၊ မိန်းကလေးလို့ အတပ်ပြောလို့လည်း မရတဲ့ ယောကျ်ားလျှာ ကျောင်းသား . . . အဲလေ . . . ကျောင်းသူ မိန်းကလေး။

သူ့ဘာသာ. . . ယောကျ်ားလေးဘဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ်၊ ပြီးတော့ ဘယ်လိုပုံစံပဲဖြစ်ဖြစ် ကိုယ့်ကိစ္စ မဟုတ်။ ဒါပေမယ့် သူ့ကို ‘ဟေ့ကောင်’ ဆိုပြီး ရင့်ရင့်သီးသီး အခေါ်ခံလိုက်ရတာ ကိုတော့ စိတ်ထဲမှာ မကျေနပ်။ ပိုဆိုးတာက မိန်းကလေးတန်မဲ့ ယောကျ်ားလေးတစ်ယောက်လို ဝတ်စားထားပြီး သူမရဲ့ ပုံစံမကျတဲ့ မြောက်ကြွကြွ အချိုးတွေကို သူလုံးဝကြည့်မရ။

သို့ဖြင့် . . သူမကြားဟန်ဆောင်ပြီး ခပ်တည်တည်နဲ့ ဆက်လျှောက်လာခဲ့သည်။

"မင်းမကြားဘူးလား . . . ကျောင်းသားရေးရာ ဘယ်နားမှာလဲလို့ ငါမေးနေတယ်လေကွာ . . ."

လှည့်ထွက်သွားတဲ့သူ့ကို သူမက ဖိုးဖိုးဇတ်ဇတ် လက်မောင်းကို ဖမ်းဆွဲလိုက်ပြီး အထက်ပါအတိုင်း အလိုမကျလှစွာ မေးလာတော့ သူက -

"ငါ့ကို မေးနေတာလား . ." ဟုဆိုကာ သူမနဲ့ မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး ဘာမှမကြား၊ မသိသလို တမင် လုပ်ပြနေလိုက်၏ ။

သူမက စိတ်ပျက်လက်ပျက်ပုံနဲ့ ခေါင်းကို ဖြည်းညှင်းစွာ ဘယ်ဘာခါယမ်းလိုက်ပြီး စုပ်တစ်ချက်သပ် လိုက်ကာ-

"ကျွတ် . . . ဟာ မင်းတော်တော်ဝေးတဲ့ကောင်ပဲ . . ဒီနေရာမှာ မင်းနဲ့ငါ နှစ်ယောက်ပဲရှိတာကို မင်းကို မမေးလို့ ငါက ဘယ်သူ့ကို မေးရမှာလဲ ရှာသားရဲ့. . "

သူမရဲ့ စီးစီးပိုးပိုး စကားအသွားအလာတွေကြောင့် သူအတော်ဒေါပွသွား၏ ။ ဒီနေရာမှာ ယောကျာ်းစစ်စစ် ချင်းသာဆို မလွယ်။ အခုတော့ ဒင်းက . . ဟွန်း။ သို့ဖြင့် သူကလည်း တမင်တကာပင် ရန်စကား စပြောလိုက်သည်။

"သိသားပဲ . . တမင်စကားမပြောချင်လို့ မကြားဟန်ဆောင်သွားတာ . ."

"ဘာပြောတယ်ကွ !"

"မြန်မာလို ပြောတာ နားမလည်လို့လား . . ဒါမှမဟုတ် မိန်းကလေး . . မင်းနားများမကောင်းလို့လား ကျွတ် . . ကျွတ် . . ကျွတ် . . ငယ်ငယ်ရွယ်ရွယ်နဲ့ နားထိုင်းနေတာ သနားစရာပဲကွာ . ." ဟု ဆိုကာ လှည့်ထွက် ဖို့ လုပ်နေစဉ် သူမက လက်မောင်းကို အတင်းဆွဲထားပြီး -

"ဟေ့ကောင် . . မင်း မိုက်ရိုင်းလှချည်လား . . ငါ့လက်သီးကို မြည်းချင်တယ်နဲ့တူတယ်. . "

"ထိုးရဲရင် ထိုးကြည့်လေ . . လုပ်ပါ မိန်းကလေးရဲ့ "

ဒုတိယအကြိမ်မြောက် မိန်းကလေးလို့ အခေါ်ခံလိုက်ရပြန်သဖြင့် သူမအတော် ထိသွားပုံရ၏ ။ သူ လက်သီးရွယ်ပြီးမှ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ လက်ကို ပြန်ချလိုက်ပြီး -

"တောက် ! ကွာ . . ကျောင်းတောင်မအပ်ရသေးဘူး ဘယ်လိုသတ္တဝါတွေနဲ့ လာစုံနေလဲမသိဘူး လူပုံကိုက မင်းတုန်းမင်းခေတ်က ပုံစံနဲ့ ဘယ်လိုအူကြောင်ကြောင်မှန်းမသိဘူး . . ."

သူမစကားအဆုံးမှာ အနိုင်ရလိုက်တဲ့ စစ်သူကြီးတစ်ယောက်ရဲ့ အောင်ပွဲခံအပြုံးတစ်ခုကို သူ့မျက်နှာပေါ် ပစ်တင်လိုက်ပြီး -

"ပုံစံက ဘာဖြစ်နေလို့လဲ အမိရဲ့ . . ငါက မြန်မာပြည်ကမွေးတဲ့ မြန်မာယောကျ်ားစစ်စစ်မို့ ကိုယ့်နိုင်ငံ ယဉ် ကျေးမှုရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ တိုက်ပုံအကျႌနဲ့ ယောပုဆိုးကို မြတ်မြတ်နိုးနိုး ဝတ်လာတာလေ . . မင်းသာ ဟိုမရောက်ဒီမရောက်နဲ့ ဘောင်းဘီလက်ရှည်၊ ရှပ်အင်္ကျီတွေ . . ဟွန်းလည်ပင်းတွေလက်တွေမှာလည်းဘာတွေဗရတ်သုတ်ခတွေကောက်ဝတ်ထားမှန်း တကယ်တမ်းပြောကြကြေးဆိုရင်မိန်းကလေးတစ်ယောက်ဖြစ်နေတဲ့မင်းပုံစံကမှ ရှက်ဖို့ကောင်းတာ . . နားလည်လား . ."

သူစကားက သူမအရှိုက်တည့်တည့်ကို ထိသွားတာကြောင့် ရှူးရှူးရှဲရှဲ ဖြစ်သွား၏ ။

"ဟေ့ကောင် . . မင်း ကျွံလာပြီနော် . ."

"ကျွံရင်လည်း ပြန်နုတ်လိုက်ပေါ့ . . ငါက အမှန်တရားကို ပြောတာပဲ .

.”

နှစ်ယောက်သား မကွေးနည်းပညာတက္ကသိုလ် ပရဝုဏ်ထဲမှ လမ်းခုလပ်တစ်ခုပေါ်တွင် အကြီးအကျယ် ပြဿနာတတ်နေကြစဉ် အမောတကော အသံလှိုင်းတစ်ခုက အလျင်စလို ထွက်ပေါ်လာခဲ့၏ ။

“ပီတိ.. ဘာတွေဖြစ်နေတာလဲ . .” ဆိုပြီး သူမ၏ သူငယ်ချင်းဖြစ်ဟန်တူသည့်တစ်ယောက် ရောက်လာ သည်။ သူကတော့ ယောကျ်ားလေးအစစ် ဖြစ်ဟန်တူပါသည်။

“ဘာဖြစ်ရမှာလဲကွာ . . ဘယ်ရွာက ကောင်မှန်းမသိပါဘူးကွာ . . ငါ့ကို လာရစ်နေလို့ . . ”

“ရစ်ချင်းရစ် မင်းကပဲ ရစ်ရမှာပါကွာ . . ပြဿနာမရှာစမ်းပါနဲ့ . . ဒီနေ့မှ ကျောင်းစအပ်ရမယ့်ဟာကို . .” ဟု နောက်ရောက်လာတဲ့ တစ်ယောက်က ပြောပြီး သူ့ကို ပြုံးပြနေသေးသည်။ ဟိုတစ်ယောက်ပြောစကားက သွေးထွက်အောင်မှန်နေတာကြောင့် သူအသိအမှတ်ပြုပြန်ပြုံးပြဖြစ်၏ ။

“ဇော်ထက် . . မင်းဘာမှ အစအဆုံးမသိဘဲနဲ့ ငါ့ကိုပဲ အပြစ်တင်မနေနဲ့ . . ငါက ကျောင်းသားရေးရာ ဘယ်လိုသွားရလဲဆိုတာ မေးနေတာကို ဒီကောင်က . . ”

“ဒါဆိုလည်း ယဉ်ယဉ်ကျေးကျေးနဲ့ တစ်ဖက်လူ ဖြေချင်အောင်ပြောလေ. .”

သူမစကားမဆုံးခင် သူတမင်ဖြတ်ပြောလိုက်သည်။ ဒါကို ဇော်ထက်ဆိုသည့် တစ်ယောက်က

“ဟာ တောင်းပန်ပါတယ် ကိုယ့်လူရယ် . . ဒီကောင် ပီတိက အဲလိုပဲဗျ . . ကြားထဲက ကျွန်တော်တောင်းပန်ပါတယ်ဗျာ . . ဟဲဟဲ . .” ဟု ပြေရာပြေကြောင်းဝင်ပြောတော့ လူမှုရေးအရ “ရပါတယ် . .” ဟု ခပ်တိုးတိုး သူ

ပြန်ဖြေဖြစ်သည်။

တစ်ဖက်လူကို မကြည်ကြည့် ကြည့်နေတဲ့ ပီတိကို ဇော်ထပ်က -

"လာပါ ပီတိရာ . . ကျောင်းသားရေးရာကို ငါသွားတတ်ပါတယ် . . လာစမ်းပါ" ဆိုပြီး အတင်းဆွဲခေါ်ရင်းသူ့ကိုပင်ပြုံးပြသွားလေသည်။ ဟိုနှစ်ပိုင်းတစ်ပိုင်းမလေးကတော့မကျေမနပ်ပုံဖြင့် ဂဏန်းတစ်ကောင်လိုပါသွားကာ တောက်တစ်ချက်နဲ့အတူ "အခဲမကျေဘူး" ဆိုတဲ့ အဓိပ္ပါယ်ဖြင့် မျက်စောင်းတစ်ခု ပစ်ပေါက်ထားခဲ့၏ ။

သူကလည်းစိတ်အချဉ်ပေါက်ပေါက်ဖြင့်မျက်လုံးပြူးပြလိုက်တော့ဒင်းက၊ သူ့မြင်ကွင်းထဲမှာ သူမတို့နှစ်ယောက်ပျောက်ကွယ်သွားမှ သူတစ်ယောက်တည်း ကြိတ်ရယ်ဖြစ်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ချကာ အောက်ပါအတိုင်း ခပ်တိုးတိုးရေရွတ်နေ၏ ။

"ဟူး ! . . မလွယ်ပါလား . . မကွေးနည်းပညာတက္ကသိုလ်ကြီးရယ် . ."

***

အခန်း (၂)

“မနေ့က ကိစ္စကို ငါ ရေရေလယ်လယ် တင်းတယ်ကွာ . . ”

“ဘာမဟုတ်တဲ့ ကိစ္စလေးကို စိတ်လျှော့ထားစမ်းပါ ပီတိရာ . .”

“မင်းရောက်လာလို့ပေါ့ ဇော်ထက်ရာ . . မဟုတ်လို့ကတော့ အဲ့ဒီရွာသားနဲ့ ပွဲကြီးပွဲကောင်းပဲ . . ”

“ဒီ ဆိုင်ကိုရောက်ကတည်းက မင်းဒီကိစ္စပဲ ပြောနေတာ . . အဲဒီ့ ကိစ္စကို ခဏထားစမ်းပါဦး . .

အခု ငါတို့ ဘယ်သွားကြမှာလဲ . . ”

စကားလမ်းလွှဲလိုက်သည့် ဇော်ထက်ကို သူမက အသင့်ငုံ့ထားတဲ့ ရေနွေးတစ်ခွက်ကို ကောက်သောက်လိုက် ပြီးမှ ပြောလိုက်၏။

“အင်း . . ဒီနေ့ စိတ်နဲနဲရှုပ်နေတာဆိုတော့ လန့်မသွားအောင် . . Game ဆိုင် ဒါမှမဟုတ် ‘ကောင်းမွန်’ အပေါ်ဆုံးထပ်က Internet ဆိုင်ကို ဒိုးကြမယ် . .”

“Ok . . good တယ် . . ဒီအစီအစဉ်ကို ငါ လက်ခံတယ် . .”

“အေး . . ဒါဆို ဒီဝိုင်းအတွက် မင်းရှင်းလိုက်တော့ ဇော်ထက်”

“အင်း . . ဘာမှလည်း မဆိုင်ဘူး . .”

ဇော်ထက်စကားကို သူမကအရေးမစိုက်ဆိုင်ကယ်ကိုပင် စက်နိုးနေချေပြီဖြစ်၏။ ဇော်ထက်မှာတော့

“ဟော့ . . စားပွဲပေါ်မှာ ပိုက်ဆံထားခဲ့ပြီးဟော့” ဆိုပြီး အလောတကော

ထထွက်လာနေရသည်။

ထိုသို့ မလာ၍ လည်းမဖြစ်။ မဟုတ်လို့ကတော့ သူမက စိတ်မရှည် ပုဒ်မဖြင့် တစ်ယောက်တည်း ထားခဲ့နိုင်သည်။ သူမက အင်မတန် စိတ်မြန်လက်မြန်ရှိလှတယ် မဟုတ်ပါလား . .။

ပီတိ ဆိုတာ တစ်ကယ်တော့ အဲသလို ကောင်မလေးမျိုးပါ . . အဲလေ . . ယောင်လို့ . . အဲလိုကောင်လေး မျိုးပါကွယ်တို့ . .။

သူမနှင့်ဇော်ထက်တို့က 'အောင်လံ'မြို့မှာကတည်းက ငယ်ပေါင်းကြီးဖော်ငယ် သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေ ဖြစ်ကြသည်။ တက္ကသိုလ်ဝင်တန်းအောင်၍ မကွေးမြို့က ကျောင်းလာတတ်တော့လည်းတတွဲတွဲပင်။

သူမက မိန်းကလေးဆိုပေမယ့် ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ သွားပုံလာပုံ၊ ပြောပုံဆိုပုံ၊ ဆံပင်ကစယောကျ်ားလေးတစ်ယောက်နှင့်မခြား၊အတွင်းသိအဆင်းသိ ဇော်ထက်အတွက်ကတော့ ဘာပြဿနာမှမရှိ။ တခြားသူတွေ အတွက်ကတော့ သူမပုံစံက ကိုယ့်ထမင်းကိုယ်စားပြီး မျက်စိဆံပင်မွေးဆူးချင်စရာ ကောင်းလှ၏ ။

သို့သော် . . သူမကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ချေ။ သူမပင်ကိုယ်စတိုင်လ် အတိုင်း ဟန်မပျက် သွားလာပြောဆိုနေမြဲပင် တစ်ပြားသားမျှ မလျော့ရေးချ မလျော့ခဲ့။ ပိုလို့ပင် ကဲပြလိုက်ဦးမည်။

သူမ မိဘတွေကလည်း သူမကို မိန်းကလေးပီပီသသ သိမ်သိမ်မွေ့မွေ့နေစေချင်တယ်။ သို့ပေမယ် မည်သို့မျှပြောမရခဲ့၍ ဒီအတိုင်းပဲ လွှတ်ထားလိုက်ရသည်။ လူတစ်ယောက်၏ မွေးရာပါဗီဇကို လွယ်လွယ်နှင့် ဖျောက်ဖျက်၍ မရမှန်းနှလုံးသွင်းထားလိုက်ပုံရ၏ ။

သို့ကြောင့်လည်း အိမ်နီးချင်းလည်းဖြစ်၊ ငယ်သူငယ်ချင်းလည်းဖြစ်သည့် ဇော်ထက်ကိုသာ သူမမိဘတွေက အစစအရာရာ အပ်နှံထားရလေ၏ ။

လူကြားလို့ ကောင်းအောင် အပ်ထားတယ်ဆိုပေမယ့်လည်း ဇော်ထက်ခများမှာတော့ သူမနဲ့တွေ့တိုင်း . . အင်း . . .။ ။

***

သူ . . သူကတော့ 'လင်းဇင်းမြို့' ဘက်မှ 'ပေါက်မ' ရွာသားတစ်ယောက်ဖြစ်၏ ။ 'ဆင်ဖြူကျွန်းမြို့ရှိ' 'အမျိုး သား အထက်တန်းကျောင်း' မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ သူ့ရည်မှန်းချက်ဖြစ်သည့် 'နည်းပညာ တက္ကသိုလ်' မကွေးမြို့သို့ ပညာသင်ရန် ရောက်လာခဲ့သည်။

ဖြစ်ချင်တော့ကျောင်းစအပ်တဲ့နေ့မှာပင်ပြဿနာတွေနှင့်တည့်တည့်မတ်ဖ ။သူ့ဘက်က အမှားဟု မဆိုသာသော အခြေအနေရ ဟိုဂွတီးဂွကျဟာမလေးကိုသာ အပြစ်ဖို့ရပေတော့မည်။

အဘယ့်ကြောင့်ဆိုသော် . . သူမနှင့် ပြဿနာတတ်ခဲ့သူက ပုဆိုးနှင့်ရှပ်အကျႌကိုသာ တခမ်းတနားဝတ် ဆင်တတ်သော၊ အနေအထိုင် အေးဆေးတည်ငြိမ်သော၊ အင်မတန် ရိုးဖြောင့်သော လူတစ်ယောက် ဖြစ်နေသော ကြောင့်ပင်။

တောသားမြို့ရောက်ဆိုသလို မြေလတ်မြို့တော်ကြီးဖြစ်သည့် 'မကွေးမြို့' က သူ့အတွက်တော့ အင်မတန် မှ ကြီးကျယ်ခမ်းနားလွန်းလှ၏ ။

ဥဒဟို ပြေးလွှားရှုပ်ယှက်နေတဲ့ ဆိုင်ကယ်တွေ . . ကားတွေ . .။ ကြိတ်ကြိတ်တိုးနေတဲ့ ရောင်စုံလူတွေ ကြားမှာ မြို့ပြရနံ့ကို တရှိုက်မတ်မတ် နမ်းရှိုက်ရင်း လက်ရှိဘဝကို သာယာကျေနပ်နေမိ၏ ။ ဘယ်လိုပဲဖြစ်ဖြစ်ရွာကနေဒီလိုမြို့ကြီးပြကြီးမှာတက္ကသိုလ်ပညာသင်ခွင့်ရသဖြင့် သူအလွန်အမင်း ပျော်ရွှင်ဂမ်းမြောက်နေမိသည်က တော့ အမှန်ပင်ဖြစ်သည်။

ထိုပုဂ္ဂိုလ် အမည်နာမမှာမူ 'မောင်မျိုးဆက်' ဟု တွင်လေသတည်း။

မျိုးဆက်တစ်ယောက် မနေ့က ကျောင်းအပ်ပြီး အတန်းဝင်စရာ မလိုသေးသဖြင့် ကျောင်းကြို/ပို့ ဖယ်ရီကား ကို မစောင့်တော့ဘဲ ကျောင်းရှေ့က သုံးဘီးဆိုင်ကယ် တစ်စီးငှားကာ အဆောင်ပြန်ခဲ့စဉ်က အမြင်ကို တွေးမိနေသေးသည်။

"တီ. . တီ . . တီ . ."

"တောက်ကွာ . . ကျောင်းသားတွေကလည်း ခက်ပါတယ် . . ရှေ့မှာ ကားလာနေတာ မမြင်ဘူးလား မသိဘူး . . နောက်ကနေ စွတ်သာ လမ်းတောင်းနေတော့တာပဲ . ."

သုံးဘီးမောင်းသမားရဲ့ မကျေမနပ်ရေရွတ်သံနှင့် အနောက်ကနေ အဆက်မပြတ် ဟွန်းတီးနေသံကြောင့် ဘာရယ်မဟုတ် သူ နောက်လှည့်ကြည့်မိသွားသည်။

"ဟင် ! . . ဟိုဟာမလေး မောင်းလာတာပဲ့လား . . "

သူမတို့နှစ်ယောက် သူ့လိုဘဲ ကျောင်းအပ်ပြီး အဆောင်ပြန်လာပြန်လာကြပုံရသည်။ ဆိုင်ကယ်မောင်းလာ တဲ့ သူမက သုံးဘီးပေါ်က လှည့်ကြည့်တဲ့ သူ့ကို မြင်ဖြစ်အောင် မြင်လိုက်ပုံရ၏ ။

သူမက ဆိုင်ကယ်ကို အရှိန်မြင့်ကာ သုံးဘီးကို မရမက ကျော်တတ်ပြီး သူ့ကို မြင်သာအောင် လက်တစ် ချောင်းထောင်ပြသွားသည်။

(အဓိပ္ပါယ်ကို ကိုယ့်လူတို့ သဘောပေါက်ပြီး ထင်ပါသည်။)

"အမယ် . . ခွေးမသား သူ့ကိုယ်သူ စတန့်မင်းသားများ မှတ်နေလား မသိဘူး . ."

သုံးဘီးသမားက သူ့ကို လက်ပြသွားတယ် ထင်ကာ ပွစိပွစိ လုပ်နေ၏ ။

"နတ်မောက်"လမ်းမကြီးပေါ်တွင်ဆိုင်ကယ်တွေကားတွေ ဒီလောက်ရှုပ်ယှက်ခတ်နေတဲ့ကြားက သူမ ဆိုင်ကယ်စီးရဲတင်းပုံကြောင့် သူပင် မဆီမဆိုင် စိတ်ပူနေမိသေးသည်။

"တစ်ခုခု ဖြစ်မှကွာ . ."

အမှတ်မထင် နှုတ်ကထွက်သွားတဲ့ သူ့စကားကို သုံးဘီးသမားက -

"သေလည်း အေးတာပဲ ငါ့ညီရာ . . ဆိုင်ကယ်ကို လူလိုမှ မစီးကြတာ . . ဒုံးပျံများမှတ်နေလား မသိဘူး။ အဲဒါကြောင့်လည်း မကွေးမြို့က ကျောင်းသားတွေ မကြာခဏ ယာဉ်တိုက်မှုတွေဖြစ်နေကြတာပေါ့" ဟု ပြောလာ သဖြင့် သူမကို ယောကျာ်းလေးထင်မှတ်နေပုံရတဲ့ သုံးဘီးသမားစကားကို မျိုးဆက်တစ်ယောက် သဘောမကျ ပြုံးနေလိုက်မိလေတော့၏ ။

***